**Press Release**

# ၂၀၁၈ခုနှစ်၏ သုံးသန်းမြောက်ခရီးသည်ကို ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်နှင့် Jetstar Asia တို့မှ ကြိုဆို

- *ကံထူးရှင်ခရီးသည်မှ မြန်မာငွေကျပ်တစ်သန်းနှင့် မြန်မာငွေကျပ်တစ်သန်းတန်ဖိုးရှိ လက်ဆောင်ပစ္စည်းများကို လက်ခံရရှိခြင်း။*

**ရန်ကုန်- ဇွန်လ ၂၉ ရက်၊ ၂၀၁၈ ခုနှစ်** - ခရီးသည်ပေါင်း သန်း ၂၀ အထိဝန်ဆောင်မှုပေးနိုင်သော မြန်မာနိုင်ငံ၏ အကြီးမားဆုံးနှင့် အစည်ကားဆုံး ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် (YIA) သည် ၂၀၁၈ ခုနှစ်၏ သုံးသန်းမြောက်ခရီးသည်ကို ယနေ့ ဇွန်လ ၂၉ ရက်နေ့တွင် ကြိုဆိုခဲ့ပါသည်။ Jetstar Asia flight 3K 581 ဖြင့် ယနေ့ မနက် ၁၀ နာရီ ၂၅ မိနစ်တွင် စင်္ကာပူမှ ရန်ကုန်သို့ ရောက်ရှိလာသော ကံထူးရှင်ခရီးသည် Mr. Jefferson Olivieri Costa ကို ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် Terminal 2 ၌ အခမ်းအနားဖြင့် ဂမ်းမြောက်ဂုဏ်ယူစွာ ကြိုဆိုခဲ့ပါသည်။




*၂၀၁၈ ခုနှစ်အတွက် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၏ သုံးသန်းမြောက် ခရီးသည် Mr. Jefferson Olivieri Costa (အပြာနုရောင်ရှပ်အကျီ) အား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်နှင့် Jetstar Asia မှ တာဝန်ရှိသူများနှင့်အတူ တွေ့ရစဉ်*

ကြိုဆိုဂုဏ်ပြုခြင်းအထိမ်းအမှတ်အနေဖြင့် Mr. Costa အား မြန်မာငွေကျပ်တစ်သန်းနှင့် အခြား မြန်မာငွေကျပ်တစ်သန်း တန်ဖိုးရှိ ခရီးသွားအသုံးအဆောင်ပစ္စည်းများကို အမှတ်တရလက်ဆောင်အဖြစ် ပေးအပ်ချီး မြှင့်ခဲ့ပါသည်။ အဆိုပါ ခရီးသွားအသုံးအဆောင်ပစ္စည်းများတွင် နေပြည်တော်ရှိ Horizon Lakeview Hotel and Resortတွင် နှစ်ညတာ အခမဲ့ အနားယူခွင့်၊ Samsonite travel luggage ၊ Artisan made-in-Myanmar bag ၊ Samsonite passport holder ၊ JBL wireless headphones အစရှိသော ခရီးသွားအသုံးအဆောင်ပစ္စည်းများ ပါဝင်ပါသည်။ ခရီးစဉ်တစ်ခုတည်းတွင် စီးနင်းလိုက်ပါလာကြသည့် ခရီးသည်များကိုလည်း duty-free voucher ၊ luggage tag စသည့် အမှတ်တရ လက်ဆောင်များ ပေးအပ်ချီးမြှင့်ခဲ့ပါသည်။

ကံထူးရှင်ခရီးသည် Mr. Costa မှ "ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ရဲ့ သုံးသန်းမြောက်ခရီးသည် ဒီနေ့မှာ ပြည့်သွားတဲ့အတွက် ဂမ်းမြောက်ကြောင်း ပြောကြားလိုပါတယ်။ အခုလို ကံထူးရှင်ခရီးသည်အဖြစ် ရွေးချယ်ခံရတဲ့အတွက်လည်း အရမ်းပဲ ရင်ခုန်စရာကောင်းပြီး ဂမ်းသာမိပါတယ်။ မြန်မာနိုင်ငံရဲ့ ဧည့်ဝတ်ပျူငှာမှုက အရမ်း နွေးထွေးပြီး ဒီလို နွေးထွေးပျူငှာတဲ့ မြန်မာနိုင်ငံကို ခရီးသွားတွေ ပိုမိုလာရောက်လည်ပတ်ကြမယ်လို့ မျှော်လင့်ပါတယ်။" ဟု ပြောကြားခဲ့ပါသည်။

Yangon Aerodrome Company Limited ၏ Chief Operating Officer ဖြစ်သူ Mr. José Angeja မှလည်း "၂၀၁၈ ခုနှစ်ရဲ့ ပထမနှစ်ဝက်ကို ရောက်လာတဲ့အားလျော်စွာ ဒီနေ့မှာ ၂၀၁၈ ခုနှစ်ရဲ့ သုံးသန်းမြောက်ခရီးသည်ကို ကြိုဆိုခွင့်ရတဲ့ အတွက် အရမ်းဂမ်းသာပါတယ်။ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်အနေနဲ့ နိုင်ငံတကာအဆင့်မီ လေဆိပ်တစ်ခု အဖြစ် အကောင်းဆုံးဝန်ဆောင်မှုပေးနိုင်ရေးကြိုးစားနေတာနဲ့အညီ ကျွန်တော်တို့ရဲ့ ခရီးသည်တွေကို ဒီလို အနှစ်သာရပြည့်ဝတဲ့ အစီအစဉ်တွေနဲ့ တုံ့ပြန်ကြိုဆိုနိုင်ဖို့ အမြဲကြိုးစားဆောင် ရွက်နေပါတယ်။ Jetstar Asia ဟာ စရိတ်သက်သာစွာနဲ့ ခရီးစဉ်တွေကို ပျံသန်းပြေးဆွဲပေးနေတဲ့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ရဲ့ မိတ်ဖက်လေကြောင်းလိုင်းတစ်ခုဖြစ်ပြီး ဒီနေ့လို ထူးခြားတဲ့အစီအစဉ်တွေနဲ့ ကျွန်တော်တို့ရဲ့ ခရီးသည်တွေကို ဝန်ဆောင်မှုပေးနိုင်တဲ့ အတွက် အလွန်ကျေနပ်မိပါတယ်။ Terminal 2 က အပြည်ပြည်ဆိုင်ရာလေကြောင်းလိုင်းတွေ ကို Terminal 1 ကို ပြောင်းရွှေ့မှာနဲ့အညီ Jetstar Asia ခရီးသည်များနဲ့ အခြားအပြည်ပြည်ဆိုင်ရာ ခရီးသည်များကိုပါ ပိုမိုကောင်းမွန်တဲ့ ဝန်ဆောင်မှုတွေပေးဖို့ ရည်ရွယ်ထားပါတယ်။" ဟု မှတ်ချက်စကား ပြောကြားခဲ့ပါသည်။

Jetstar Asia ၏ CEO ဖြစ်သူ Mr. Bara Pasupathi မှလည်း " ကျွန်တော်တို့အနေနဲ့ ၂၀၀၅ ခုနှစ်ကတည်းကစပြီး စင်္ကာပူ နဲ့ ရန်ကုန်ကို ပြေးဆွဲပျံသန်းပေးနေတဲ့ စရိတ်နည်းလေကြောင်းလိုင်းတစ်ခုဖြစ်တဲ့အားလျော်စွာ ဒီမြို့နှစ်မြို့ကို ကူးသန်းသွားလာနေတဲ့ ခရီးသွားများ၊ မိသားစု နဲ့ ဆွေမျိုးတွေဆီကို လာရောက်လည်ပတ်ကြသူများအတွက် ပိုမိုအဆင်ပြေချောမွေ့စေရေး ဆက်သွယ်ဆောင်ရွက်ပေးလျက် ရှိပါတယ်။ စင်္ကာပူ နဲ့ ရန်ကုန် ကို ပျံသန်းသွားလာကြတဲ့ ခရီးသည်ပေါင်း ၁.၅ သန်း နီးပါးကို ဝန်ဆောင်မှုပေးခဲ့ပြီးတာနဲ့အညီ ကျွန်တော်တို့အနေနဲ့ စင်္ကာပူကနေတစ်ဆင့်

ဩစတေးလျ၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင် စတဲ့ နိုင်ငံတွေက စီးပွားရေးလုပ်ငန်းရှင်တွေနဲ့ ခရီးသွားတွေအပါအဝင် ခရီးသည်အများအပြားဟာ မြန်မာနိုင်ငံကို ပိုမို ပျံသန်းသွားလာနေကြတာကို တွေ့ရပါတယ်။" ဟု ပြောကြားခဲ့ပါသည်။

**ရေရှည်စွမ်းဆောင်နိုင်ရည်လိုအပ်ချက်တွေကို ဖြည့်ဆည်းပေးနိုင်ဖို့ အသင့်ရှိနေ**

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်အနေနှင့် ခရီးသည်ပေါင်း သန်း ၂၀ အထိ ဝန်ဆောင်မှုပေးနိုင်ရေး မျှော်မှန်းတည် ဆောက်ထားခြင်းဖြစ်ပြီး နောင်လာမည့်ခရီးသည်များကိုဝန်ဆောင်မှုပေးနိုင်ရေးအတွက်လည်း အသင့်ရှိနေပါသည်။ ၂၀၁၇ ခုနှစ်တွင် ခရီးသည်ပေါင်း ၅.၉၂ သန်းကို ဝန်ဆောင်မှုပေးခဲ့ပြီး ၂၀၁၆ ခုနှစ်တွင် လာရောက်ခဲ့သည့် ခရီးသည်ပေါင်း ၅.၄၅ သန်းနှင့် နှိုင်းယှဉ်ကြည့်ပါက ၈.၄၈ % တိုးတက်ခဲ့ပါသည်။ အဆိုပါတိုးတက်မှုအနက် ၆၆% (သို့မဟုတ်) ခရီးသည်ပေါင်း ၃.၉၃ သန်းသည် အပြည်ပြည်ဆိုင်ရာခရီးသည်များဖြစ်ပြီး ၃၄% (သို့မဟုတ်) ခရီးသည် ပေါင်း ၁.၉၉ သန်းသည် ပြည်တွင်းခရီးသည်များ ဖြစ်ကြပါသည်။ လေကြောင်းခရီးစဉ်များအနေဖြင့်၂၀၁၇ ခုနှစ်တွင် ၁၁.၀၅% တိုးတက်ခဲ့ပြီး ၂၀၁၆ ခုနှစ်နှင့်နှိုင်းယှဉ်ကြည့်ပါက ၇၀၃၀၇ မှ ၇၈၀၇၆ အထိ တိုးတက်လာခဲ့ပါသည်။

လက်ရှိတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သည် ပြည်တွင်းလေကြောင်းလိုင်း ၈ လိုင်းနှင့် အပြည်ပြည်ဆိုင်ရာလေကြောင်းလိုင်း ၂၈ လိုင်းအား ဝန်ဆောင်မှုပေးလျက်ရှိပြီး လတ်တလောနှစ်များအတွင်းတွင် Emirates Airlines ၊ Malindo Air နှင့် Cathay Dragon စသည့် လေကြောင်းလိုင်းများလည်း ပါဝင်လာပြီဖြစ်ပါသည်။ အဆိုပါ လေကြောင်းလိုင်းများသည် Yangon Aerodrome Company Limited မှ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် ၏ စတင်တာဝန်ယူဆောင်ရွက်သည့် လွန်ခဲ့သည့်နှစ်နှစ်တာကာလအတွင်း ရန်ကုန်သို့ ခရီးစဉ်အသစ်များ စတင်ရေးဆွဲ ပျံသန်းခဲ့ခြင်းဖြစ်ပါသည်။

ကမ္ဘာ့ဘဏ်၏ ခန့်မှန်းချက်များအရ ၂၀၁၈ ခုနှစ်တွင် ၇.၂% အထိတိုးတက် လာမည်ဖြစ်သော မြန်မာနိုင်ငံ၏ GDP နှင့် တစ်ပြေးညီ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်အနေဖြင့် ဖွံ့ဖြိုးတိုးတက်လာနိုင်ရေး ရည်မှန်းဆောင်ရွက်လျက် ရှိပါသည်။ မြန်မာနိုင်ငံ၏ လက်ရှိ အပြည်ပြည်ဆိုင်ရာလေဆိပ် သုံးခုဖြစ်သော ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၊ နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ် နှင့် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်များအနက် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သည် နှစ်စဉ် ခရီးသည်ပေါင်း သန်း ၂၀ ဝန်ဆောင်မှုပေးနိုင်ရေးမျှော်မှန်းတည်ဆောက်ထားသည်နှင့် အညီ နောင်ဆယ်စုနှစ်အထိ အရည်အသွေးပြည့်ဝသော ဝန်ဆောင်မှုပေးနိုင်ရေး ဦးဆောင်လျက်ရှိပါသည်။

- END -

## Yangon Aerodrome Company Limited (YACL)

***Setting the standard for high performance***

Yangon Aerodrome Company Limited (YACL) သည် မြန်မာနိုင်ငံသို့ အဓိကဂင်ပေါက်ဖြစ်သည့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်အား စီမံခန့်ခွဲလျက်ရှိပါသည်။ မြန်မာနိုင်ငံ၏ အကြီးမားဆုံးနှင့် အစည်ကားဆုံးလေဆိပ် ဖြစ်သည်နှင့်အညီ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သည် အခြေခံအဆောက်အအုံ ၊အဖွဲ့အစည်းနှင့် စီမံခန့်ခွဲမှုအစရှိသော အဓိက နယ်ပယ်များတွင် အကောင်းမွန်ဆုံးဆောင်ရွက်နိုင်ရန် စွမ်းဆောင်ရည်မြင့်မားနေစေရေးစံချိန်စံညွှန်းများ ချမှတ် ဆောင်ရွက်လျက်ရှိပါသည်။

လွန်ခဲ့သောနှစ်အနည်းငယ်အတွင်းတွင် မြန်မာနိုင်ငံသို့ အလည်အပတ်လာရောက်သော ခရီးသွားဦးရေသည် ပုံမှန်တိုးတက်လျက်ရှိပါသည်။ မြန်မာနိုင်ငံအနေဖြင့် ခရီးသွားလုပ်ငန်းနယ်ပယ်တွင် ရေရှည်တိုးတက်မှုများ ကြုံတွေ့လာနိုင်သည့်အားလျော်စွာ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်အနေဖြင့် တစ်နှစ်လျှင် ခရီးသည်ပေါင်း သန်း ၂၀ ကို ဂန်ဆောင်မှုပေးနိုင်ရန်၊ ခရီးသည်များနှင့် လေကြောင်းလိုင်းများအတွက် အရည်အသွေးပြည့်ဂသော ဂန်ဆောင်မှုများပေးနိုင်ရန် မျှော်မှန်းတည်ဆောက်ထားခြင်းဖြစ်ပါသည်။

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သည် ကမ္ဘာ့လူဦးရေ၏ သုံးပုံ နှစ်ပုံ နေထိုင်ရာ အိန္ဒိယနှင့် တရုတ်ပြည်သူ့သမ္မတ နိုင်ငံကြားတွင် မဟာဗျူဟာမြောက်စွာတည်ရှိနေပြီး တိုကျို၊ ဒူဘိုင်း၊ စင်္ကာပူ၊ ဘေကျင်းနှင့် နယူးဒေလီအစရှိသော မြို့ကြီးများနှင့်လည်း ၆နာရီကြာပျံသန်းချိန်အကွာအဂေးအတွင်း၌သာ တည်ရှိနေပါသည်။ အပြည်ပြည်ဆိုင်ရာလေကြောင်းလိုင်း ၂၈ လိုင်း နှင့် အပြည်ပြည်ဆိုင်ရာ ခရီးစဉ် ၂၆ ခုအား ဂန်ဆောင်မှုပေးလျက်ရှိသော ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သည် ၂၀၁၇ ခုနှစ်အတွင်း ခရီးသည်စုစုပေါင်း ၅.၉၂ သန်းကို ဂန်ဆောင်မှုပေးနိုင်ခဲ့ပြီးဖြစ်ပါသည်။